http://www.dhammadownload.com

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ခွဲဝေမေတ္တာ

ပန်းချီ ဒေါ်ခင်

စီစဉ်ရေးဆွဲသည့်

ရွှေမောင်

ဆေးရောင်စုံရုပ်ပြ

ဝမ္မ ရသ သုတ ရုပ်စုံ

No. 3, September, 2011

Shwe Moung Colourful Mini Comic

ပိစိကျွေး နှင့် ဘုတ်အိမ ပါဝင်သော

ပြိတ္တာ--ဟူသည်

ပညာရှိကြီးတွေရဲ့ လမ်းညွှန်ပေးထားတဲ့ "စာအုပ်"တွေကို ဖတ်နေတဲ့ အချိန်ဟာ "ပညာရှိ"တွေနဲ့ တွေ့နေရချိန် လို့ မှတ်ပါ။ လူသားတွေရဲ့ အကောင်းဆုံး "မိတ်ဆွေ"ကို ညွှန်ပြပါဆိုရင် "စာအုပ်စာပေ" ကို ညွှန်ပြရပါလိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ "အလိမ္မာစာမှာရှိသည်" "စာအုပ်စာပေ လူမိတ်ဆွေ" လို့ ဆိုတာကိုး။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ




လူတို့က "တစ္ဆေ" "သရဲ"ဟု ပြောဆိုနေကြသည်မှာ အပါယ်လေးဘုံတွင် တစ်ခုအပါအဝင်ဖြစ်သော "ပြိတ္တာ"များသာဖြစ်ကြောင်း၊ လူဘုံ(လူဘဝ)အောက် နိမ့်ကျသည့် "ပြိတ္တာ"တို့သည် လူတို့နေထိုင်ရာ ဤကမ္ဘာတွင် လူတို့ဝန်းကျင်၌ နေထိုင်ကြရပြီး အလှူန်ဆာလောင်၊ ငတ်မွတ်သော ဒုက္ခမျိုးစုံကို နှစ်ကာလကြာရှည်စွာ ခံစားနေကြရသည့် အကြောင်း၊ ရတနာသုံးပါးကို ဆည်းကပ်ယုံကြည်သူများသည် "ပြိတ္တာ"တို့၏ ခြောက်လှန့်ခြင်းကို မခံရသည့်အကြောင်း၊ သူတစ်ပါးအပေါ် မနာလိုဝန်တိုစိတ်ထား မိသောကြောင့် "ပြိတ္တာ"ဘုံသို့ရောက်ရခြင်းအကြောင်းတို့ကို ကျောင်းသားလူငယ်အရွယ်များ နားလည်လွယ်အောင် ရေးဆွဲဖော်ပြထားပါသည်။

http://www.dhammadownload.com


ညကား ပိန်းပိတ်အောင်မှောင်နေ၏။
လေအဝှေ့တွင် လှုပ်ရမ်းယိမ်းနွဲ့နေသည့်
လမ်းဆုံထိပ်မှ အပင်ကြီး၏သဏ္ဌာန်ကား
မကောင်းဆိုးဝါး မိစ္ဆာတစ်ကောင်အလား
ထင်မှတ်မှားစရာဖြစ်နေသည်။




"ဘုတ်အိမ"နှင့် "ပိစိကွေး"တို့မောင်နှမ နှစ်ယောက် ကားနောက်ခန်းတွင်
ပူးကပ်ထိုင်လျက် ငြိမ်ချက်သားကောင်းနေကြသောကြောင့်--




"လေးလေးဝ"က ကားမောင်းနေရင်းမှ သူတို့
မောင်နှမကိုအကဲခတ်လိုက်ပြီး ပြုံးလိုက်မိ၏။




ဒီမောင်နှမ--ငြိမ်လှချည့်လား
ဗိုက်ဆာနေကြပြီလားကွ--ဒီနေ့--ကျွဲရှင်က
အချိန်ပိုသင်တာဆိုတော့ ထမင်းစားချိန်
နောက်ကျနေပြီ--




http://www.dhammadownload.com










ထိုအခါမှ ကားပေါ်မှဆင်းပြီး အိမ်ထဲသို့ပြေးဝင်သွားကြသော သူတို့ မောင်နှမကျကြည့်ရင်း "လေးလေးဝ"သဘောကျစွာ ပြုံးလိုက်မိပါတော့သည်။



http://www.dhammadownload.com



http://www.dhammadownload.com




http://www.dhammadownload.com



Cyan Yellow Black


http://www.dhammadownload.com




http://www.dhammadownload.com




"ဂေါတမ" ဗုဒ္ဓ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်ရှိထင်ရှား ရှိတော်မူစဉ်ကာလတုန်းက ဖြစ်ခဲ့တဲ့ "ဖြစ်ရပ်မှန်" လေးတစ်ခုပေါ့--
အဲဒီတုန်းက "သာဝတ္ထိတိုင်း" မှာရှိတဲ့ ရွာကြီးတစ်ရွာမှာ သူကြွယ်ဇနီးမောင်နှံ ရှိကြသတဲ့--အဲဒီ--သူကြွယ်ဇနီးမောင်နှံ ဟာအိမ်ထောင်ကျပြီး နှစ်အတော်ကြာတဲ့အထိသား သမီး တစ်ယောက်မှမထွန်းကားခဲ့ဘူးလေ--



ဒေ့ကြေး ဥစ္စာဓန ကြွယ်ဝချမ်းသာကြပေမယ့်--သား သမီး ဆိုတဲ့ရတနာ မထွန်းကားတဲ့အတွက် ဆွေမျိုး အသိုင်းအဝိုင်းနဲ့ပတ်ဝန်းကျင်က သူတို့ကို ကဲ့ရဲ့ပြောဆိုလာကြတော့တာပေါ့--






သူကြွယ်ဇနီးမောင်နှံ ခမျာမှာလည်း သားသမီး အရှမ်းလိုချင်နေရှာတာပေါ့--သား သမီးမရှိရင်သူတို့ချမ်းသာသမျှ ဥစ္စာပစ္စည်းတွေကို အမွေဆက်ခံမယ့်သူမရှိဘူး မဟုတ်လား--


http://www.dhammadownload.com



ဒါနဲ့ပဲ--နှစ်တွေ--လတွေပြောင်းလာပေမယ့် သူကြွယ်ဇနီးမောင်နှံကတော့
ဘာမှမပြောင်းလဲသေးဘဲ--နှစ်ယောက်တည်းပျင်းစရာကြီး ဖြစ်နေတာပေါ့




ဒါကို--ဆွေမျိုးတွေကကြည့်ပြီး-အားမလို--အားမရဖြစ်နေကြရတာပေါ့---





ဒီလိုနဲ့--ဆွေမျိုးတွေက သူကြွယ်လေးကိုနောက်ထပ် မိန်းမတစ်ယောက်
ယူဖို့ ဝိုင်းပြီး တိုက်တွန်းကြတော့တာပေါ့--



သူကြွယ်လေးက ဘယ်သူတွေဘယ်လိုပြောပြော
ဒီကိစ္စကို ခါးခါးသီးသီး ငြင်းနေတာပေါ့-----

http://www.dhammadownload.com

သူကြွယ်လေးရဲ့ဇနီးဟာ ဆွေမျိုးတွေ ရဲ့တိုက်တွန်းနေတဲ့
အသံကိုမကြားချင်မှအဆုံး--ကြားသိနေရပေမယ့်ဘာမှ
စောဒကမတက်ရှာပါဘူး--ဆွေမျိုးတွေကလည်း နှေရှိသ၍
ဒီကိစ္စကိုပဲတစ်ယောက်ပြီး တစ်ယောက် ဝင်လိုက် ထွက်လိုက်
လာပြီး တိုက်တွန်းနေကြတာ ဆိုတော့--

သူကြွယ်လေး ရဲ့ဇနီး ကလည်း မနေသာတော့ဘဲ သူခင်ပွန်းလင်
သူကြွယ်လေး ကို နောက်ထပ် မိန်းမတစ်ယောက်ထပ်ယူဖို့
သူကိုယ်တိုင်ပဲ တိုက်တွန်းရတော့တာပေါ့



Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com

"ပထမဇနီး"က "ဒုတိယဇနီး"
အပေါ်မနာလိုဝန်တိုစိတ်တွေ အရမ်းကို
ကြီးမားလာတော့တာပေါ့--ဒါနဲ့ပဲ--

ဆွေတော်မျိုးတော်တွေနဲ့အလှူန်ရင်းနှီးကျွမ်းဝင်တဲ့
ဆေးဆရာတစ်ဦးကိုလက်ဆောင်တွေ ပေးပြီး
ချဉ်းကပ်ပါလေရောတဲ့--

ဒီဟာမ ကလေးမွေးပြီဆိုတာနဲ့
ငါ့ယောကျ်ား "သူကြွယ်"ရဲ့ပိုင်ဆိုင်တာအားလုံး
သူကလေးအတွက်ပဲဖြစ်ရတော့မှာပါလား--ဆွေတော်
မျိုးတော်တွေကလည်း အရင်ကတည်းက ငါ့အပေါ်
သိပ်ကြည်ဖြူကြတာမဟုတ်ဘူး--

ဒီကလေးမွေးလိုက်တာနဲ့
ငါတော့ ဒုက္ခတွေရမှာသေချာတယ်--
ဒီတော့--ဒီကလေးမမွေးရအောင်--
-- -- -- --

ဟောဒီ--ရွှေငွေ ရတနာတွေနဲ့
ဆရာ့ကိုကန်တော့ပါရစေရှင်--

ဟဲ့ ဒီလောက်များတဲ့ ရွှေ ငွေတွေ
ငါ့ကိုလာပေးနေတာဆိုတော့ ဘာအကြောင်းများ
ရှိလို့လဲ သူငယ်မရဲ့--

ဒီလိုနဲ့"ပထမဇနီး"ဟာ "ဒုတိယဇနီး"ကလေး
မမွေးရအောင် မကြံအပ် မစည်အပ်တာတွေကို
ကြံစည်မိတော့တာပေါ့--

သြော်--ဒါက ဒီလိုရှိပါတယ်ရှင်
ဆရာ့ဆီက အကူအညီတစ်ခုတောင်းချင်လို့
ဘာကိစ္စလဲ ဆိုတော့-- -- -- -- --

http://www.dhammadownload.com



ဆေးဆရာကလည်း--သူကြွယ်လေးရဲ့"ပထမဇနီး"
ပြောလာတဲ့စကားတွေကြောင့်လိုက်ရတော့ရှုတ်တရက်
အတော်လေးအံ့သြတုန်လှုပ်သွားရတာပေါ့--ဒါပေမယ့်--
သူ့ရှေ့မှာမြင်နေရတဲ့ ရွှေတွေ ငွေတွေကိုမက်မောမိနေ
တာကြောင့် သူကြွယ်ရဲ့"ပထမဇနီး"ခိုင်းတဲ့အတိုင်း
လုပ်ပေးဖို့ သဘောတူလိုက်တယ်လေ--



"သူကြွယ်လေး"ရဲ့"ဒုတိယဇနီး"မှာကိုယ်ဝန်ရှိနေပြီဆိုတာကို
ဆွေးမျိုးတော်တော်သိလိုက်ရတယ်ဆိုရင်ပဲ--ဝမ်းသာအားရ
ဖြစ်ကြပြီး ဆေးဆရာကြီးကိုလာပင့်ကြတော့တာပေါ့--

တကယ်တော့--ဆေးဆရာပေးတဲ့ဆေးတွေက
"ကိုယ်ဝန်အားဆေး"ဘယ်ဟုတ်ပါ့မလဲ--ကိုယ်ဝန်ပျက်ကျအောင်
အသေအချာဖော်စပ်ထားတဲ့ ဆေးတွေမဟုတ်လား

ဆေးဆရာကလည်း သူကြွယ်လေးရဲ့"ဒုတိယဇနီး"
အတွက် "ကိုယ်ဝန်အားဆေး"ဆိုပြီး ဆေးတွေအများကြီး
ပေးတော့တာပေါ့--





အမလေးတော့--နာလိုက်တာ
အား--ကယ်ကြပါဦး--ရှင်--

သူကြွယ်လေးရဲ့"ဒုတိယဇနီး"က
ဒါကိုဘယ်သိပါ့မလဲနော်--ဆေးဆရာပေးတဲ့ဆေးတွေကို
ယုံယုံကြည်ကြည်နဲ့သောက်နေရင်း--မကြာခင်မှာပဲ
သူဝမ်းထဲက ကိုယ်ဝန်ပျက်ကျပါလေရော--တဲ့



ဟဲ့--ဟဲ့---
ညီမတော်လေး--ဘာ--ဘာ
ဘာဖြစ်တာလဲဟင်--ဟယ်--
ဒုက္ခပါပဲ--တော်

"ပထမဇနီး"က သူဘာမှ
အပြစ်မလုပ်ထားသလိုပုံစံနဲ့
ဟန်ဆောင်နေပြီးတော့--

http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com

ဘာကြောင့်ပဲဖြစ်ဖြစ်--သူကြွယ်ရဲ့
"ဒုတိယဇနီး" ကိုယ်ဝန်ပျက်ကျလို့ သားသမီး
မရနိုင်သေးတဲ့ကိစ္စအတွက်တော့ "ပထမဇနီး" က
သူစိတ်ထဲက ကြိတ်ပြီးကျေနပ်နေတာပဲ
မဟုတ်လား--




ဒါပေမယ့်--သူက--ဒီကိစ္စကို
မလုပ်ပါဘူးဆိုပြီး လိမ်ညာခဲ့ရာကနေ
မဟုတ်ကဟုတ်က--ပါးစပ်ထဲတွေ့ရာတွေ့
လျှောက်ပြီးကျိန်ဆိုခဲ့မိတာကိုတော့
သူကိုယ်သူ--နောင်တတွေ့ရနေ
မိပြန်သတဲ့လေ--




ဒုက္ခပါပဲနော်--
ငါကလည်းသူတို့--မယုံမှာစိုးလို့
ပြောမိပြောရာတွေလျှောက်ပြောခဲ့မိတာ--
ပြောတဲ့အတိုင်းသာဖြစ်ရရင်တော့
မတွေးဝံ့စရာပါလားနော်

သူများအပေါ်မနာလိုစိတ်ကြောင့် သူပြုခဲ့မိတဲ့အမှားအတွက်
စိတ်သောကတွေဖိစီးနေရပြီး ကြောက်ရွံ့ထိတ်လန့်နေရပြီဆိုပါတော့




ဒီလိုနဲ့--"ပထမဇနီး" ဟာ--အဲဒီသောကဝေဒနာတွေဖိစီးပြီး
အိပ်ရာထဲ ဘုန်းဘုန်းလဲရတဲ့အထိဖြစ်ခဲ့ရပြီး---



မကြာခင်မှာပဲ--
သေဆုံးခဲ့ရပါလေရော--

Cyan Magenta Yellow Black

http://www.dhammadownload.com





http://www.dhammadownload.com

ဒါတင်မကသေးဘူးလေ--
သူက "ကိုယ် မွေးတဲ့ကလေး ကို ကိုယ်တိုင်
ပြန်စားရတဲ့သူဖြစ်ရပါစေသား" လို့လည်း
ကျိန်ဆိုခဲ့သေးတာမဟုတ်လား
ဒီတော့--သူက "ပြိတ္တာမ" ဘဝမှာ
ကလေးမွေးပြီးတိုင်းသူကလေးကို သူ
ပြန်စားရတဲ့သူဖြစ်နေတော့တာပေါ့---




သာဝတ္ထိပြည် မဝင်ခင်
တောအုပ်တစ်ခုကိုရောက်တော့ ရဟန်းတော်တွေဟာ
ခေတ္တခဏ အနားယူကြတယ်လေ--






တစ်နေ့တော့--တောတွင်းမှာ
ဝါဆိုဝါကပ်သီတင်းသုံးတော်
မူကြတဲ့ ရဟန်းသံဃာတော်
ရှစ်ပါးတို့ဟာဝါကျွတ်ပြီဖြစ်လို့
"ဂေါတမ" ဗုဒ္ဓဘုရားရှင် သီတင်း
သုံးတော်မူတဲ့ သာဝတ္ထိပြည်
"ဇေတဝန်" ကျောင်းတော်ဆီကို
ခရီးနှင်ကြလှမ်းတော်မူလာကြသတဲ့






အဲဒီအချိန်မှာပဲ--ရဟန်းတော်တွေရဲ့
အနီးကဖြတ်သွားတဲ့ ယင်ကောင်တွေ
တလောင်းလောင်းနဲ့ "ပြိတ္တာမ" ကို
မြင်တွေ့လိုက်ကြရတယ်--



http://www.dhammadownload.com



http://www.dhammadownload.com

ဒီလိုနဲ့--သံဃာတော်ရှစ်ပါး ဟာ
သာဝတ္ထိပြည် ကိုရောက်တဲ့အခါ အဲဒီ"ပြိတ္တာမ"ရဲ့
လူဘဝတုန်းက ခင်ပွန်းဖြစ်သူ"သူကြွယ်လေး"ရှိရာ
အိမ်ကို ဆွမ်းခံကြွလာခဲ့ကြတာပေါ့

"သူကြွယ်လေး"ကလည်း အိမ်ရှေ့မှာ
ဆွမ်းခံကြွလာတဲ့ရဟန်းသံဃာတော်တွေကိုတွေ့တယ်ဆိုရင်ပဲ
အိမ်ထဲကို ပင့်ဖိတ်ပြီး ဆွမ်းဆက်ကပ်လှူသတဲ့

အကြီးအကဲ သံဃာက သူကြွယ်ရဲ့ဇနီး
"ပြိတ္တာ"ဘဝရောက်နေရကြောင်းပြောပြလိုက်တယ်
အဲဒီ"ပြိတ္တာမ"အတွက် ရည်စူးပြီး အမျှအတန်း
ဝေဖို့ တိုက်တွန်းရတာပေါ့

ရှင်မ--ရေ
အမျှ---အမျှ---အမျှ

"သူကြွယ်လေး"ကလည်း ဒီအဖြစ်ကို
သိလိုက်ရလို့ အတော်စိတ်ထိခိုက်မိပြီး သူပြုခဲ့သမျှ
ကုသိုလ်ကောင်းမှု အစုစုတို့ ကို သူ့ရဲ့"ပထမဇနီး"ဖြစ်ခဲ့သူ
"ပြိတ္တာမ"ရစေဖို့ အမျှဝေပေးလိုက်တယ်

"ပြိတ္တာမ"ကလည်း သူ့ခင်ပွန်းရဲ့
အမျှဝေသံကို ကြားတာကြောင့် ဝမ်းမြောက်ဝမ်းသာ
"သာဓု"သုံးကြိမ် ခေါ်လိုက်တာပေါ့

သာဓု---သာဓု---သာဓု

Cyan Magenta Yellow Black

http://www.dhammadownload.com


"ပြိတ္တာမ" ကလည်း သာဓု ခေါ်ပြီးတာနဲ့
သူခံစားနေရတဲ့ ဆာလောင်မွတ်သိပ်မှုဆိုတဲ့
ဒုက္ခဝေဒနာတွေ ပျောက်ကင်းရပြီး---

သူခန္ဓာကိုယ်က နံနေတဲ့
အပုပ်နဲ့တွေလည်း ပျောက်ကင်း
ရသတဲ့လေ--အပုပ်နဲ့မရှိတော့ဘူး
ဆိုတော့ ယင်ကောင်ကြီးတွေလည်း
မလာကြတော့ဘူးလေ--

အဝတ်မပါ ကိုယ်လုံးတီး
ဘဝကနေ အဝတ်တွေဘာတွေ
ရရှိလာရပြန်တယ်---

သူသားကို သူမွေးပြီး
ကိုယ်တိုင်ပြန်စားရတဲ့ အဖြစ်ဆိုးကလည်း
ကျွတ်လွတ်ခဲ့ရရှာတယ်ဆိုပါတော့

ဒါပေမယ့်--"ပြိတ္တာ"ဘဝကနေပြီး
ကျွတ်လွတ်ခွင့်တော့မရသေးဘူး--နော်--
မနာလို--ဝန်တိုစိတ်ကြောင့် ကိုယ်ပြုခဲ့တဲ့ မကောင်းမှု
ဒုစရိုက်(အကုသိုလ်)အတွက် "ပြိတ္တာ"ဘဝနဲ့
အကြာကြီးနေရဦးမှာ--မဟုတ်လား



သံယာတော်တွေကလည်း "ပြိတ္တာမ" အတွက်
ကူညီ ဆောင်ရွက်ပြီးတာနဲ့ ဘုရားရှင်သီတင်း
သုံးတော်မူရာ "ဇေတဝန်" ကျောင်းတော်ကြီးကို
ကြွချီတော်မူလာကြတာပေါ့---
ဘုရားရှင်ထံမှောက် ရောက်တဲ့အခါ ဘုရားရှင်
ကို ဖူးမြော် ကန်တော့ပြီး မိမိတို့ ကြုံတွေ့ခဲ့ရတဲ့
"ပြိတ္တာမ"ရဲ့ အဖြစ်ဆိုးကို လျှောက်ထားတော်
မူကြသတဲ့---

http://www.dhammadownload.com

ဘုရားရှင်ကလည်း အဲဒီ"ပြိတ္တာမ"ဟာ
သူပြုခဲ့မိတဲ့ မကောင်းမှု(ဒုစရိုက်)ကြောင့် ဒုက္ခရောက်ရတာကို
ပရိသတ်တွေ သိရအောင် ဥပမာပေးပြီး ဟောကြား
ဆုံးမတော်မူတာပေါ့--

တရားနာပရိသတ်တွေကလည်း
"ပြိတ္တာမ"ရဲ့အဖြစ်ဆိုးကို ကြားနာလိုက်ရတာကြောင့်
"မနာလို ဝန်တိုမှု"ဆိုတဲ့ အကုသိုလ်စိတ်အပေါ်
အလွန်ကြောက်ရွံ့မိကြပြီး---


ဒါနှင့် သီလ၊ ဘာဝနာ ဆိုတဲ့
ကုသိုလ်ကောင်းမှုတွေကိုပဲ ကြိုးစားပြုလုပ်ကြတာကြောင့်
"အပါယ်လေးဘုံ"ကို မကျရောက်နိုင်ကြတဲ့
"သောတာပန်"တွေဖြစ်ကြရသတဲ့


ဒါဆိုရင်--"သရဲ--တစ္ဆေ"ဆိုပြီး
ပြောနေကြတာ--"ပြိတ္တာ"တွေပေါ့နော်--"လေးလေးဝ"
ဒါပေါ့--သူတို့ရဲ့--ဘဝတွေဟာ မစားရ မသောက်ရ
ငတ်မွတ်နေရပြီး--နှစ်ကာလအကြာကြီး
ဒုက္ခခံနေကြရတာပေါ့


လူတွေက သူတို့ပြုတဲ့ ကောင်းမှုကုသိုလ်အတွက်
အမျှအတန်းဝေမှသာ "ပြိတ္တာ"တွေက "သာဓု"ခေါ်ခွင့်ရပြီး
ဆာလောင်မှုဝေဒနာတွေ သက်သာခွင့်ရကြရတာ

ဒါကြောင့်---ငါ့တူ၊ တူမတွေလည်း
ဘယ်သူ့ကိုမှ မနာလို ဝန်တိုစိတ်မဖြစ်စေနဲ့--
ကျောင်းကသူငယ်ချင်းတွေ ကိုယ့်ထက်စာတော်တာကို
မနာလိုဖြစ်စရာမလိုဘူး--သူကြိုးစားလို့--သူတော်တာ
မဟုတ်လား--သူလိုတော်ချင်ရင် ကိုယ်လည်း
သူလိုကြိုးစားပေါ့--

http://www.dhammadownload.com








ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသည့် "အပါယ်လေးဘုံ" သို့ ကျရောက်စေနိုင်သည့် အကုသိုလ်များ ဖြစ်ကြသော "ဒုစရိုက်(၁၀)ပါး" ၏ အကြောင်းကို "ရွှေမောင်း" ဓမ္မရသသုတရုပ်စုံ အမှတ်(၄)တွင် စောင့်မျှော် ဖတ်ရှုကြပါ။

သူတော်ကောင်းဓာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ
ပန်းချီ
ဖုန်း ၀၉၅၀၆၀၁၀၇


http://www.dhammadownload.com

အလိုတော်ပြည့်စာပေမှ ထွက်ရှိပြီးစာအုပ်များ

ရွှေမောင်း အမှတ်စဉ် (၁) ဇူလိုင်လ၊ ၂၀၁၁
"ဩကာသ--ဟူသည်"
"ဩကာသ" ကန်တော့ခြင်းကို အဓိပ္ပါယ်အလုံးစုံ သိရှိ ကြစေရန်အတွက် သရုပ်ဖော်ရေးဆွဲထားပါသည်။



ရွှေမောင်း အမှတ်စဉ် (၂) ဩဂုတ်လ၊ ၂၀၁၁
"ငရဲ--ဟူသည်"
"ငရဲ" ဘုံမှ ငရဲကြီးရှစ်ထပ် နှင့် ငရဲငယ်များအကြောင်း ပြည့်စုံစွာဖော်ပြရေးဆွဲထားပါသည်။



ရွှေမောင်း အမှတ်စဉ် (၃) စက်တင်ဘာလ၊ ၂၀၁၁
"ပြိတ္တာ--ဟူသည်"
"အပါယ်" ဘုံမှ "ပြိတ္တာ" တို့၏ အကြောင်းကိုသိစေရန် ဥပမာဇာတ်တော်ဖြင့် ရေးဆွဲတင်ပြရှင်းလင်းထားပါသည်။





လပေး မှာယူလိုသူများ အတွက် အောက်ပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက အိမ်အရောက် စရိတ်ငြိမ်း ပို့ပေးပါမည်။

	ရန်ကုန်မြို့	နယ်မြို့
၆ လစာ(၆ အုပ်)အတွက်	၂၅၀၀ ကျပ်	၃၀၀၀ ကျပ်
၁၂ လစာ(၁၂ အုပ်)အတွက်	၅၀၀၀ ကျပ်	၆၀၀၀ ကျပ်

လပေးမှာယူသူများ၏ နေရပ်လိပ်စာအပြည့်အစုံကိုဖော်ပြ၍ အလိုတော်ပြည့် စာပေ သို့ ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တိုက်ရိုက်ဆက်သွယ်မှာကြားနိုင်ကြပါပြီ။

ကျေးဇူးတင်လွှာ

"ရွှေမောင်း" ဓမ္မရသ သုတရုပ်စုံ ဆေးရောင်စုံရုပ်ပြ စာအုပ်အမှတ်(၁)"ဩကာသ--ဟူသည်" နှင့် အမှတ်(၂)"ငရဲ--ဟူသည်" စာအုပ်များကို အားပေးဝယ်ယူခဲ့ကြသည့် ရုပ်ပြပရိသတ်များအားလည်းကောင်း၊ လစဉ်ဝယ်ယူလိုသောကြောင့် ၆ လစာ/တစ်နှစ်စာ မှာယူအားပေးလာကြသည့် ပရိသတ်များအားလည်းကောင်း၊ "ရွှေမောင်း" ဓမ္မရသသုတရုပ်စုံ စာအုပ်များကို ဝယ်ယူလျှက် ဓမ္မဒါနပြုပေးကြသော အလှူရှင်များအားလည်းကောင်း၊ အလိုတော်ပြည့်စာပေတိုက်သို့ တိုက်ရိုက်လာရောက်ဝယ်ယူ အားပေးကြသည့် ပရိသတ်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

အထူးအစီအစဉ်

ရွှေမောင်း ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ပုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျှော့ကာ ရောင်းချပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ စောင်ရေ(၁၀၀)နှင့် အထက် "ဓမ္မဒါန" ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး ရန်ကုန်နှင့်အနီးတဝိုက်မှ မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ်မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ကြိုတင်ငွေပို့ စနစ်ဖြင့် မှာယူပါက စရိတ်ငြိမ်း ပို့ပေးပါမည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲ သို့ လည်းကောင်း ကမ္ဘောဇာဏ်(တာမွေ မင်္ဂလာစျေး ဘဏ်ခွဲ) သို့လည်းကောင်း "ငွေလွှဲ" ပေးပို့ရမည်ဖြစ်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၁၉၅ ။ ဖုန်း ၀၉ ၇၃၀ ၅၄၇၅ ။ ၀၉ ၅၀၆၀၁၀၇ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။ အထူးသတိပြုရန်မှာ စာအုပ်မှာကြားသည့်အခါ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး
အလိုတော်ပြည့် စာပေ

အမှတ်(၂၇)-၅၅၁၁၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၅ ။

တန်ဖိုး ၅၀၀ ကျပ်

■ ထုတ်ဝေသူ■ ဦးဟန်စိန်၊ ကျိုတော်လစဉ်၊ ၀၄၁၂၇၊ အခန်း(၄၀၁)၊ တိုက်(၂၆)၊ ၁၂ လမ်း(ဘီ)၊ ယုဇနဥယာဉ်အိမ်ရာ၊ ၄၉ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
■ အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ■ ဒေါ်ခင်စီ(၀၁၄၀၀)မေတ္တာဓိုးပုံနှိပ်တိုက်၊ အမှတ် ၁၉ ၊ ဒေါ်ဖွားရှင်လမ်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၁ ၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။

ShweMong Colourful MiniComic No. 3 SEPTEMBER 2011

Cyan Magenta Yellow Black